# မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ဥပဒေ

(၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၄။)

၁၃၇၉ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၈ ရက်

(၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ဖွဲ့စည်းပုံအခြေခံဥပဒေ** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဆိုသည်။

(ခ) **ပြည်ထောင်စုလွှတ်တော်** ဆိုသည်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသော ပြည်ထောင်စုလွှတ်တော်ကို ဆိုသည်။

(ဂ) **ပြည်သူ့လွှတ်တော်** ဆိုသည်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသော ပြည်သူ့လွှတ်တော်ကို ဆိုသည်။

(ဃ) **အမျိုးသားလွှတ်တော်** ဆိုသည်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသော အမျိုးသားလွှတ်တော်ကို ဆိုသည်။

(င) **တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်** ဆိုသည်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသော တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကို ဆိုသည်။

(စ) **လွှတ်တော်** ဆိုသည်မှာ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကို ဆိုသည်။

(ဆ) **လွှတ်တော်အဖွဲ့** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ကို ဆိုသည်။

(ဇ) **နာယက** ဆိုသည်မှာ ပြည်ထောင်စုလွှတ်တော် နာယကအဖြစ် တာဝန်ထမ်းဆောင်သော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သို့မဟုတ် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကို ဆိုသည်။

( ဈ ) **ဒုတိယနာယက** ဆိုသည်မှာ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယကအဖြစ် တာဝန် ထမ်းဆောင်သော အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ သို့မဟုတ် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကို ဆိုသည်။

(ည) **ဥက္ကဋ္ဌ** ဆိုသည်မှာ လွှတ်တော်အဖွဲ့၏ ဥက္ကဋ္ဌကို ဆိုသည်။

( ဋ ) **အဖွဲ့ဝင်** ဆိုသည်မှာ လွှတ်တော်အဖွဲ့၏ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးတို့ အပါအဝင် အဖွဲ့ဝင်အသီးသီးကို ဆိုသည်။

( ဌ ) **လွှတ်တော်အဖွဲ့ရုံး** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော မြန်မာနိုင်ငံလွှတ်တော် အဖွဲ့ရုံးကို ဆိုသည်။

( ဍ ) **ရုံးအဖွဲ့မှူး** ဆိုသည်မှာ လွှတ်တော်အဖွဲ့ရုံး၏ ရုံးအဖွဲ့မှူးကို ဆိုသည်။

( ဎ ) **အစည်းအဝေး** ဆိုသည်မှာ လွှတ်တော်အဖွဲ့အစည်းအဝေးကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) လွှတ်တော်အသီးသီး၏ လုပ်ငန်းဆောင်ရွက်မှုနည်းလမ်းများ မှန်ကန်ခိုင်မာပြီး အရည်အသွေး တိုးတက်မြင့်မားရေးအတွက် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊

( ခ ) လွှတ်တော်အချင်းချင်း လုပ်ငန်းအတွေ့အကြုံ ဖလှယ်ရေးနှင့် စွမ်းရည်တိုးတက်ရေးတို့အတွက် ပူးပေါင်းဆောင်ရွက်ရန်၊

( ဂ ) နိုင်ငံတကာ ဥပဒေပြုအဖွဲ့အစည်းများ၊ ရည်ရွယ်ချက်တူညီသော အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊

预览已结束，完整报告链接和二维码如下：
https://www.yunbaogao.cn/report/index/report?reportId=10_752546